## အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) တွင် တိုင်းရင်းဆေးနှင့် ကျန်းမာရေးဖြည့်စွက်စာများနှင့်ပတ်သက်၍ လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်နှင့် အညီ ဆောင်ရွက်မည်ဖြစ်သောကြောင့် တိုင်းရင်းဆေးဝါးထုတ်လုပ်သူများဘက်မှ ကောင်းမွန်သောထုတ်လုပ်မှုကျင့်စဉ် (GMP Guideline) အတိုင်းအတတ်နိုင်ဆုံးကိုက်ညီအောင်ပြင်ဆင်ထားရှိဆောင်ရွက်ရန်

**(အဆိုပြုချက်)**

လေးစားအပ်ပါသော သဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များ၊ တိုင်းရင်းဆေးသမားတော်များ၊ ညီလာခံကိုယ်စားလှယ်ကြီးများနှင့်ဧည့်သည်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း တိုင်းရင်းဆေးအခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ အားကြိုးမာန်တက် စိုက်ထုတ်ကြိုးပမ်း၍ နိုင်ငံတော်အတွက် တစ်တပ်တစ်အား အထောက်အကူဖြစ်ရန် ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျှက် နှုတ်ခွန်းဆက်သ အပ်ပါသည် ခင်ဗျား/ ရှင့်။

ကျွန်တော်/ကျွန်မကတော့ ------------- တိုင်းဒေသကြီး/ ------------- ပြည်နယ်မှ တိုင်းရင်းဆေးသမားတော်များညီလာခံကိုယ်စားလှယ် ဦး ------------- /ဒေါ် ------------- ဖြစ်ပါတယ် ခင်ဗျား/ရှင့်။ ကျွန်တော်/ကျွန်မအနေဖြင့် ယနေ့ကျင်းပပြုလုပ်တဲ့ (၁၇)ကြိမ်မြောက် တိုင်းရင်းဆေးသမားတော်များညီလာခံကြီးမှာ "အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) တွင် တိုင်းရင်းဆေးနှင့် ကျန်းမာရေးဖြည့်စွက်စာများနှင့် ပတ်သက်၍ လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်နှင့်အညီ ဆောင်ရွက်မည်ဖြစ်သောကြောင့် တိုင်းရင်းဆေးဝါးထုတ်လုပ်သူများဘက်မှ ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ် (GMP Guideline) အတိုင်းအတတ်နိုင်ဆုံး ကိုက်ညီအောင် ပြင်ဆင်ထားရှိ ဆောင်ရွက်ရန်" ဆိုတဲ့ ကျွန်တော်/ကျွန်မတို့ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး ကဏ္ဍအတွက် အဓိက ကျလှသော အဆိုတစ်ရပ်ကို တင်သွင်းခွင့်ရတဲ့အတွက် အလွန်ဝမ်းမြောက် ဂုဏ်ယူမိပါတယ် ခင်ဗျား/ရှင့်။

**လေးစားအပ်ပါသောသဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များခင်ဗျား/ရှင့် --------------**

(၂၁)ရာစုမတိုင်မီက ကမ္ဘာကြီးမှာ နိုင်ငံအသီးသီး၊ လူမျိုးအသီးသီးဟာ သီးခြားစီ ရပ်တည်နေတယ်လို့ ထင်ရလောက်အောင် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကူးလူးဆက်ဆံမှု နည်းခဲ့ကြသော်လည်း ယနေ့ခေတ် (၂၁)ရာစုတွင် နည်းပညာများဖွံ့ဖြိုးတိုးတက်လာမှုကြောင့် ကမ္ဘာကြီးသည် Global Village ခေါ် ကမ္ဘာ့ရွာကြီးတစ်ရွာလိုအဖြစ်သို့ ပြောင်းလဲသွားပြီး ဖြစ်ပါတယ်။ ထို့ကြောင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံ အလွယ်တကူ ကူးလူးဆက်ဆံမှုတွေ ပြုလုပ်လာကြသလို ကမ္ဘာနိုင်ငံများ အချင်းချင်း၊ ဒေသတွင်းနိုင်ငံများ အချင်းချင်း၊ အဖွဲ့အစည်းများ ဖွဲ့စည်းကာ တိုးတက်ဖွံ့ဖြိုးမှုများ ရရှိအောင် ဆောင်ရွက်လာခဲ့ကြပါတယ်၊ လက်ရှိကမ္ဘာပေါ်တွင် လွတ်လပ်စွာ ကုန်သွယ်မှု တစ်ခုတည်းသာမကဘဲ စီးပွားရေး၊ ငွေရေးကြေးရေး၊ လူမှုရေး စသည့်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နေသည့် (Economic Integration) ထိပ်ဆုံးမှ ဦးဆောင်နေသည့် အဖွဲ့ကြီး(၃)ရပ် ရှိနေပါတယ်၊ ၎င်းတို့မှာ -

(၁) ဥရောပတိုက်ရှိ ဥရောပသမဂ္ဂ (EU)

(၂) မြောက်အမေရိကတိုက်ရှိ မြောက်အမေရိကစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (NAFTA)

(၃) အာရှတိုက်ရှိ အာဆီယံအဖွဲ့အစည်းတို့ ဖြစ်ပါတယ်။

အထက်ပါအဖွဲ့အစည်း(၃)ခု၏ ဈေးကွက် အကျယ်အဝန်းအတွင်းမှာရှိသော လူဦးရေကို ကြည့်မည်ဆိုလျှင် (၁) (EU)တွင် (၄၅၈)သန်းခန့်၊ (၂)(NAFTA)တွင် (၄၃၃)သန်းခန့် ၊ (၃) (ASEAN)တွင် (၆၂၂)သန်းခန့်ရှိသဖြင့် အာဆီယံ၏ ဈေးကွက်အကျယ်အဝန်းအတွင်းရှိ လူဦးရေသည် အများဆုံး ရှိနေတာကို တွေ့ရမှာဖြစ်ပါတယ်၊ မြန်မာနိုင်ငံသည် ပထဝီဝင်အနေအထားအရ အရှေ့တောင်အာရှနိုင်ငံများတွင် ပါဝင်သည့်အလျောက် အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့ပါတယ်၊ အာဆီယံအဖွဲ့ဝင်များ အဖြစ် ၁၉၆၇ခုနှစ်၊ ဩဂုတ်လတွင် မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်း၊ စင်္ကာပူနှင့် ဖိလစ်ပိုင် (၅)နိုင်ငံနှင့် စတင်ဖွဲ့စည်းခဲ့ပြီး အဖွဲ့၏ မူလရည်ရွယ်ချက်မှာ အရှေ့တောင်အာရှရှိ(၁၀)နိုင်ငံလုံး ပါဝင်ဖွဲ့စည်းရန်ဖြစ်သဖြင့် ကျန်နိုင်ငံများကိုအဖွဲ့ဝင်အဖြစ် ပါဝင်ရန် ကမ်းလှမ်းဖိတ်ကြားခဲ့ရာ ၁၉၈၄တွင် အမှတ်စဉ် (၆)အဖြစ် ဘရူနိုင်း၊ ၁၉၉၆တွင် အမှတ်စဉ်(၇)အဖြစ် ဗီယက်နမ်၊ နောက်ပိုင်းတွင် မြန်မာ၊ ကမ္ဘောဒီးယား၊ လာအိုနိုင်ငံများ ဝင်ရောက်ခဲ့ပြီးအဖွဲ့ဝင် (၁၀)နိုင်ငံပါဝင်သော အာဆီယံအဖွဲ့ကြီး ဖြစ်ပေါ်လာခဲ့ပါတယ်။

အဆိုပါ အာဆီယံအဖွဲ့ကြီးမှ အာဆီယံအသိုက်အဝန်း(၃)ခုဖြစ်သော (၁)အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း၊ (၂)အာဆီယံစီးပွားရေးအသိုက်အဝန်း၊ (၃) အာဆီယံလူမှုရေး ယဉ်ကျေးမှုအသိုက်အဝန်းတို့ကို ၂၀၂၀ပြည့်နှစ်တွင် စတင်တည်ထောင်ရန် ရည်မှန်းခဲ့သော်လည်း ၂၀၁၅ခုနှစ်၊ ဒီဇင်ဘာ(၃၁)ရက်တွင် နိုင်ငံအားလုံး၌ တစ်ပြိုင်တည်းထူထောင်ရန်အတွက် အာဆီယံအသိုက်အဝန်း ထူထောင်ခြင်းဆိုင်ရာ ၂၀၁၅ခုနှစ် ကွာလာလမ်ပူကြေငြာချက်ကိုထုတ်ပြန်ခဲ့ပါတယ်။

**လေးစားအပ်ပါသောသဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များခင်ဗျား/ရှင့် --------------**

အာဆီယံအသိုက်အဝန်း(၃)ခုမှ တစ်ခုဖြစ်သော အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC)ကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ၂၀၀၇ခုနှစ်၊ နိုဝင်ဘာလ (၁၈)ရက်နေ့မှ (၂၂)ရက်နေ့အထိ စင်္ကာပူနိုင်ငံ၊ စင်္ကာပူမြို့၌ ကျင်းပပြုလုပ်ခဲ့သော (၁၃)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးပွဲတွင် အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) အခြေပြမြေပုံဆိုင်ရာ ကြေညာချက်ကို အာဆီယံခေါင်းဆောင်များက လက်မှတ်ရေးထိုးခဲ့ကြပါတယ်၊ ယင်းအခြေပြမြေပုံဟာ အာဆီယံစီးပွားရေး အသိုက်အဝန်း (AEC) ကို ၂၀၁၅ခုနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက် သွားနိုင်ရန်အတွက် စီးပွားရေးပေါင်းစည်းမှုလုပ်ငန်းများ၊ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အချိန်သတ်မှတ်ချက်များကို ဖော်ဆောင်သည့် မဟာစီမံကိန်းတစ်ရပ်အဖြစ် ရပ်တည်ခဲ့ပါကြောင်း၊ အာဆီယံစီးပွားရေး အသိုက်အဝန်း(AEC)ကို ၂၀၁၅ခုနှစ်တွင် အပြီးသတ် ထူထောင်ရန် စီးပွားရေးလုပ်ငန်းရှင်များအားလုံးနှင့် ညှိနှိုင်းဆောင်ရွက်သည့် အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) ဆက်သွယ်ရေးအစီအစဉ်နှင့် တိုးတက်မှုလုပ်ငန်းစဉ်များကို အမှတ်ပေးစနစ်ဖြင့် ထားရှိဆောင်ရွက်ခဲ့ပါကြောင်း တင်ပြလိုပါတယ် ခင်ဗျား/ရှင့် ။

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်လာသည်နှင့်အမျှ ဖော်ပြခဲ့ပြီးသော AEC အာဆီယံစီးပွားရေးအသိုက်အဝန်းသို့ မလွှဲမသွေ ပူးပေါင်းဆောင်ရွက်ရမည် ဖြစ်ပါတယ်။ AEC အာဆီယံစီးပွားရေးအသိုက်အဝန်းတွင် တစ်နိုင်ငံနှင့် တစ်နိုင်ငံကုန်သွယ်ရောင်းချမှု ပြုလုပ်ရာတွင် အခြားသော ကုန်သွယ်မှုပစ္စည်း အမျိုးမျိုးသာမက ကျန်းမာရေးနှင့်သက်ဆိုင်သော တိုင်းရင်းဆေးနှင့် ကျန်းမာရေးဖြည့်စွက်စာ T.M.H.S များလည်းပါဝင်လာမည်ဖြစ်ပါတယ်။

တိုင်းရင်းဆေးသမိုင်းကြောင်းကို ကြည့်မည်ဆိုလျှင် (၂၀)ရာစုနှစ် နှောင်းပိုင်းတွင် ကမ္ဘာ့နိုင်ငံ အသီးသီးတွင် မိမိတို့နိုင်ငံအလိုက် တိုင်းရင်းဆေးအခန်းကဏ္ဍကို အလေးထား ဂရုပြုလာကြပြီး အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများကပါ စိတ်ဝင်စားအာရုံစိုက်လာခဲ့ကြပါတယ်၊ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုကဏ္ဍများတွင်လည်း ပိုမိုနေရာယူလာသည်ကို တွေ့ရှိရပါတယ်၊ ကျွန်တော်တို့ မြန်မာနိုင်ငံတွင်လည်း ၁၉၇၀ ခုနှစ် နှောင်းပိုင်းတွင်တိုင်းရင်းဆေးပညာရပ်နှင့် ပညာရပ်ဆိုင်ရာ အခြေခံ အဆောက်အဦးများတိုးတက်ဖွံ့ဖြိုးလာခဲ့ပါတယ်။

**လေးစားအပ်ပါသောသဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များခင်ဗျား/ရှင့်** --------------

ဤနေရာတွင် အလျှဉ်းသင့်၍ ထည့်သွင်းဖော်ပြလိုတာကတော့ တိုင်းရင်းဆေးဝါးထုတ်လုပ်မှု အဆင့်ဆင့်ဖြစ်ပေါ် တိုးတက်လာပုံကို ဖော်ပြလိုပါတယ်၊ မြန်မာနိုင်ငံလွတ်လပ် ရေးရပြီး ၁၉၄၈ခုနှစ် နောက်ပိုင်းတွင် တိုင်းရင်းဆေးကို သမားကိုင်ဆေးများ အဖြစ်သာမက တစ်နိုင်ငံလုံးရှိ ပြည်သူများ သုံးစွဲနိုင်အောင် မိသားစုတစ်နိုင်တစ်ပိုင် ထုတ်လုပ်ရောင်းချ လာခဲ့တာကိုတွေ့ရှိရမှာဖြစ်ပါတယ်။

သို့သော်လည်း အရေအတွက်အားဖြင့် အလွန်နည်းပါးစွာရှိနေတာကို တွေ့ရမှာဖြစ်ပါတယ်၊ ၁၉၈၈ခုနှစ် နောက်ပိုင်းမှစ၍ တိုင်းရင်းဆေးဝါးထုတ်လုပ်မှုကဏ္ဍကို ပုဂ္ဂလိကလုပ်ငန်းရှင်များမှ ပိုမိုဝင်ရောက်လုပ်ကိုင်လာကြသဖြင့် လုပ်သားအင်အား (၅၀)မှ (၁၀၀)အထိ ခန့်ထား ထုတ်လုပ်လျှက်ရှိသော ပုဂ္ဂလိကတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး စက်ရုံများပေါ်ထွက်လာခဲ့ပါတယ်၊ လက်ရှိ စာရင်းဇယားများအရ တိုင်းရင်းဆေးဝါးမှတ်ပုံတင် ရရှိပြီး အရေအတွက် (၁၃၂၃၅)မျိုးနှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့် လိုင်စင်ရရှိပြီးအရေအတွက် (၂၈၇၈)ခု ထိတိုးတက်လာတာ လေ့လာတွေ့ရှိ ရပါတယ်၊ ယခုလိုတိုင်းရင်းဆေးဝါးထုတ်လုပ်သည့် လုပ်ငန်းအပေါ်တွင် စိတ်ပါဝင်စားစွာ ကြိုးစားထုတ်လုပ် လာသည်ကို ဝမ်းမြောက်ဝမ်းသာကြိုဆိုရမည် ဖြစ်သော်လည်း များသောအားဖြင့် ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ် GMP ကိုလိုက်နာနိုင်ခြင်းမရှိဘဲ မိသားစုတစ်နိုင်တစ်ပိုင် လုပ်ငန်းများအဖြစ် သာရပ်တည်နေသည်ကိုလည်း ဝမ်းနည်းဖွယ် တွေ့မြင်ရမှာဖြစ်ပါတယ်။

ထို့အပြင် ဆေးဝါးကုန်ကြမ်းပစ္စည်း တစ်မျိုးတည်းကိုသာ ရေရှည်ထုတ်လုပ်သုံးစွဲခြင်း၊ ထပ်မံစိုက်ပျိုးမှုမရှိခြင်းတို့ကြောင့် ဆေးဝါးကုန်ကြမ်းများရှားပါးလာခြင်း၊ နောက်ဆက်တွဲအနေဖြင့် စစ်မှန်မှုမရှိသော အခြားဆေးဘက်ဝင်အပင်များနှင့် ရောနှောရောင်းချခြင်း၊ သို့လောင် ထိန်းသိမ်းမှုစနစ် မှန်ကန်မှုမရှိသည့်အတွက် လတ်ဆတ်ကောင်းမွန်သော ဆေးဝါးကုန်ကြမ်းများ မရရှိနိုင်ခြင်း၊ ဆေးဝါးထုတ်လုပ်မှု နည်းစဉ်တစ်လျှောက် အသုံးပြုသောစက်၊ အဆောက်အဦ၊ နေရာထိုင်ခင်း၊ ပတ်ဝန်းကျင် ကိုလိုက်၍ ဖုန်၊ သဲ၊ ခဲ၊ အမှိုက်သရိုက်များ ရောထွေးညစ်ပတ်နေခြင်း၊ လူပုဂ္ဂိုလ်များ၏ ကျွမ်းကျင်မှုနှင့် ကြီးကြပ်မှုအားနည်းခြင်း၊ နည်းပညာ ပံ့ပိုးမှုအကူအညီများ လိုအပ်ခြင်းစသော အကြောင်းအချက်များကြောင့် လက်ရှိတိုင်းရင်းဆေးဝါး ထုတ်လုပ်မှုကဏ္ဍတွင်

ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်ကိုမဆိုထားနှင့် ပုံမှန်၊ စစ်မှန်၊ အရည်အသွေးပြည့်မီသော ဆေးဝါးကောင်းများရရှိရန်ပင် များစွာခက်ခဲလျှက်ရှိပါတယ်။

**လေးစားအပ်ပါသောသဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များခင်ဗျား/ရှင့် --------------**

အထက်ပါအကြောင်းများကိုကြည့်လျှင် မြန်မာနိုင်ငံအနေဖြင့် အာဆီယံစီးပွားရေး အသိုက်အဝန်း(AEC)နှင့် ပတ်သက်ပြီး တိုင်းရင်းဆေးဝါးထုတ်လုပ် နေသူများဘက်မှ ပြင်ဆင်မှု အားနည်းနေသေးပြီး၊ အဆင်သင့်မဖြစ်သေးသည်ကို တွေ့ရှိရပါကြောင်းတင်ပြလိုပါတယ်။ (AEC) ဆိုတာ ကျွန်တော်/ကျွန်မတို့ သိထားပြီးဈေးကွက်နှင့် လုံးဝကွာခြားမည်ဖြစ်ပြီး ပြိုင်ဆိုင်မှုများ ပြင်းထန်လာမည်ဖြစ်ပါကြောင်း၊ အစစအရာရာ ကြိုတင်ပြင်ဆင်ထားဖို့ လိုအပ်ပါကြောင်း သတိပေး တင်ပြလိုပါတယ်၊ တိုင်းရင်းဆေးဝါးထုတ်လုပ်သူ လုပ်ငန်းရှင်များ အနေဖြင့် အခြားသောနိုင်ငံများမှ တင်သွင်းသည့် တိုင်းရင်းဆေးဝါးများ၊ ကျန်းမာရေး ဖြည့်စွက်စာများနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော အရည်အသွေးမြင့်မားသည့် တိုင်းရင်းဆေးဝါးများ ထုတ်လုပ်နိုင်ရန် အလွန်အရေးကြီးသည်ကို တွေ့ရမှာဖြစ်ပါတယ်။ ပြည်တွင်းတိုင်းရင်းဆေးဝါး ထုတ်လုပ်သူများသည် အာဆီယံစီးပွားရေး အသိုက်အဝန်းနှင့် လိုက်လျောညီထွေဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်း တိုက်တွန်း လိုပါတယ် ခင်ဗျား/ရှင့်။

အထက်တွင် ဖော်ပြထားသည့်အတိုင်း မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံ ဖြစ်သည်နှင့်အညီ အာဆီယံကုန်သွယ်ဘက် နိုင်ငံများအချင်းချင်း ကတိကဝတ်များ၊ သဘောတူညီ ချက်များ၊ လက်မှတ်ရေးထိုး စာချုပ်ချုပ်ဆိုခြင်းများပြုလုပ်ထားကြသည့် အလျောက် မိမိတို့နိုင်ငံ၏ အခြားထုတ်ကုန်များနည်းတူ တိုင်းရင်းဆေးနှင့် ကျန်းမာရေးဖြည့်စွက်စာများကိုလည်း သဘောတူ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများအတိုင်း ထုတ်လုပ်ရောင်းချရမည်သာ ဖြစ်ပါတယ်။ တိုင်းရင်းဆေးထုတ်လုပ်ရောင်းချမှုနှင့် ပတ်သက်၍ ဒေသတွင်းနိုင်ငံများတွင် ကျင်းပသည့် ညီလာခံများ၊ ညှိနှိုင်းဆွေးနွေးပွဲများသို့ မြန်မာနိုင်ငံမှ တိုင်းရင်းဆေးပညာဦးစီးဌာန ကိုယ်စားပြု ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေး ခဲ့ပါတယ်။

တိုင်းရင်းဆေးနှင့် ကျန်းမာရေးဖြည့်စွက်စာများကို အာဆီယံနိုင်ငံများတွင် ချမှတ်ထားသော ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်နှင့်အညီ ထုတ်လုပ်မှု လုပ်ငန်းများကို ဆောင်ရွက်နိုင်မှသာ မိမိတို့နိုင်ငံ၏ တိုင်းရင်းဆေးဝါးများကို အခြားအာဆီယံ နိုင်ငံများမှ လက်ခံသုံးစွဲမည် ဖြစ်ပါတယ်။

အခြားနိုင်ငံများမှ မြန်မာနိုင်ငံသို့ တင်သွင်းလာသော အလားတူ ဆေးဝါးများက မိမိတို့နိုင်ငံမှ ထုတ်လုပ်သော ဆေးဝါးများထက် အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းသက်သာ နေမယ်ဆိုရင် မိမိတို့နိုင်ငံထုတ်ဆေးဝါးများအနေဖြင့် ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်း လျော့နည်းသွားမည် ဖြစ်ပါတယ်။ ဒါ့ကြောင့် ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်နှင့်အညီ အရည်အသွေး အဆင့်အတန်းမီ တိုင်းရင်းဆေးဝါးများကို သင့်တင့်သော ဈေးနှုန်းဖြင့် ထုတ်လုပ်ရောင်းချနိုင်ရန် လုပ်ငန်းရှင်များမှ ကြိုးစားအားထုတ်ရမည် ဖြစ်သကဲ့သို့ တာဝန်ရှိအာဏာပိုင် အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာ ကျွမ်းကျင်ပုဂ္ဂိုလ်များမှ သင်တန်းများပို့ချခြင်း၊ အလုပ်ရုံ ဆွေးနွေးပွဲများကျင်းပခြင်း စသည့် စုပေါင်းဆွေးနွေးပွဲများ မကြာခဏကျင်းပပြီး ပံ့ပိုးပေးရန် လိုအပ်လျက် ရှိပါတယ်။

တိုင်းရင်းဆေးဝါးထုတ်လုပ်သည့် လုပ်ငန်းအခန်းကဏ္ဍအနေဖြင့် (AEC)ကြောင့် ဖြစ်ပေါ်လာမည့် အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန် ပြင်ဆင်ထားရမည် ဖြစ်သည့်အတွက် မိမိတို့ ထုတ်လုပ်လိုက်သည့် ဆေးဝါးများ၏ အရည်အသွေး၊ စံချိန်စံညွှန်း မြင့်မားရေးကို ဦးတည်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထိုကဲ့သို့သော တိုင်းရင်းဆေးဝါးများ ထွက်ပေါ်လာရေးအတွက် ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ် (GMP)နှင့်အညီ အတတ်နိုင်ဆုံး ကိုက်ညီအောင် ထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ကျန်းမာရေး ဖြည့်စွက်စာများနှင့် ပတ်သက်၍လည်း ထိုနည်းတူစွာပင် ဖြစ်ပါကြောင်း၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ ပြည်တွင်းလုပ်ငန်းရှင်များသည် ပြည်တွင်းနှင့် နိုင်ငံတကာ အလုပ်ရုံဆွေးနွေးပွဲ များသို့ တက်ရောက်၍ အတွေ့အကြုံ၊ ဗဟုသုတများ ဖလှယ်၍ အာဆီယံစီးပွားရေးအသိုက်အဝန်း၏ စီးပွားရေးမူများနှင့် မျှော်မှန်းချက်များနှင့်ကိုက်ညီအောင် ကြိုတင်ပြင်ဆင်နိုင်ရန် ရည်ရွယ်ပါတယ်။

နိဂုံးချုပ်အားဖြင့် အာဆီယံစီးပွားရေးအသိုက်အဝန်း AEC အဖွဲ့အစည်း၏ ရည်မှန်းချက်တစ်ခုဖြစ်သော တင်ပို့/တင်သွင်းရောင်းချမည့် ကုန်ပစ္စည်းအမျိုးအစား၏ အရည်အသွေး၊ အဆင့်အတန်းကို တစ်ပြေးညီ သတ်မှတ်ရေးဆိုသည့် အချက်နှင့် ကိုက်ညီဆီလျော်မှုရှိရန် အထူးလိုအပ်ပါတယ်။ တင်ပို့ရောင်းချလိုသည့် တိုင်းရင်းဆေးနှင့် ကျန်းမာရေးဖြည့်စွက်စာများကို အာဆီယံ GMP Guideline အတိုင်းစနစ်တကျ ထုတ်လုပ်နိုင်မှသာလျှင် နောင်အနာဂတ်ကာလတွင် မြန်မာ့တိုင်းရင်းဆေး၏ ကုန်သွယ်မှုအခန်းကဏ္ဍသည် မြင့်မားတိုးတက်လာမည် ဖြစ်ပါတယ်။ ထိုကဲ့သို့ အာဆီယံ GMP Guideline အတိုင်းကြိုတင်ပြင်ဆင် ဆောင်ရွက်ထားနိုင်ခြင်း မရှိပါက ပြည်တွင်း တိုင်းရင်းဆေးလုပ်ငန်းများမှာ နိုင်ငံခြားမှ ဝင်ရောက်ရင်းနှီးမြှုပ်နှံမှု ပြုလုပ်လာတဲ့ လုပ်ငန်းတွေကို ယှဉ်ပြိုင်နိုင်စွမ်းမရှိဘဲ ထိခိုက်ဆုံးရှုံးမှုတွေ ဖြစ်လာမှာဖြစ်ပါတယ်၊ သို့ဖြစ်၍ ပြည်တွင်းရှိ တစ်နိုင်တစ်ပိုင် ထုတ်လုပ်သူများ၊ အသေးစား၊ အလတ်စား တိုင်းရင်းဆေးထုတ်လုပ်သူလုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာတာဝန်ရှိ ဌာနများနှင့် အဖွဲ့အစည်းများ၏ ကူညီပံ့ပိုးမှုကို ရယူကာ ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ် အာဆီယံ GMP Guideline အတိုင်းအတတ်နိုင်ဆုံး ကိုက်ညီအောင် ပြင်ဆင်ထားရှိ ဆောင်ရွက်သင့်ပါကြောင်း အဆိုပြုချက်အား အလေးအနက် တင်သွင်းလိုက်ရပါတယ် ခင်ဗျား/ ရှင့်။